# ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေတွင်ပါရှိသော "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ဘဏ္ဍာရေးဝန်ကြီး" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင်ပါရှိသော "ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဇူလိုင်လ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃။ ပြည်ထောင်စုလွှတ်တော် နာယကက နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ တင်ပြရမည်။"

၅။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(က) နှင့် (ခ) တို့တွင်ပါရှိသော "ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့်အသီးသီးအစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅ တွင်ပါရှိသော "အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဧပြီလ ၃၀ ရက်နေ့မတိုင်မီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၆ ကို အောက်ပါ အတိုင်းအစားထိုးရမည်-

"၆။ ပြည်ထောင်စုလွှတ်တော် နာယကက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးကိစ္စရပ်များကို စိစစ်ရန်တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် မေလ ၁၀ ရက်နေ့မတိုင်မီ တင်ပြရမည်။"

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင်ပါရှိသော "နိဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "မေလ ၂၄ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၈ တွင်ပါရှိသော "အောက်တိုဘာလအတွင်းတွင်" ဆိုသည့်စကားရပ်ကို "မေလနောက်ဆုံးပတ်ထက်နောက်မကျစေဘဲ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်